**ငါ၏ကျောက်တည်းဟူသောထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ ငါ့လက်သည် စစ်တိုက် ၍၊ လက်ချောင်းတို့လည်း စစ်မှုကိုလေ့ကျက်မည်အကြောင်းသွန်သင်တော်မူ၏။ ကိုယ်တော်သည် ငါ၏မေတ္တာကရုဏာရှင်၊ ငါ၏ရဲတိုက်၊ ငါ၏ခိုကိုးရာ၊ ငါ့ကိုလွတ်မြောက်စေသောအရှင်၊ ငါ၏ဒိုင်းလွှားဖြစ်တော်မူ၏။ ငါသည် ကိုယ်တော်ကိုခိုလှုံ၏။ ကိုယ်တော်သည် ငါ၏လူမျိုးကို ငါ၏လက်အောက်သို့ရောက်စေတော်မူ၏။ အိုထာဝရဘုရား၊ လူသည်အဘယ်သို့ သောသူဖြစ်၍၊ ကိုယ်တော်သည်မှတ်တော်မူရသနည်း။ လူသားသည် အဘယ်သို့သောသူဖြစ်၍၊ ပမာဏ ပြုတော်မူရသနည်း။ (ဆာလံ ၁၄၄း၁-၃)**

ဤကျမ်းပိုဒ်ကိုဖတ်သောအခါ တိုက်ခိုက်မှုများအတွက် ဒါဝဒ်ကိုဘုရားသခင်ပြင်ဆင်ပေးသည့်အကြောင်းဖြစ်သည်ဟု နားလည်ရပါသည်။ ဒါဝိဒ်သည် ဓားနှင့်ဒိုင်းတို့ဖြင့် လေ့ကျင့်နေသည်ဟု နားလည်ရသည်။ အမြင့်ခုန်ခြင်း၊ အလေးမခြင်း၊ ပရိတင်းများကိုစားသောက်ခြင်းပြုနေပေမည်။ ဘုရားသခင်၏ သမ္မ◌ာတရားကိုဆင်ခြင်နိုင်ရန် ဘုရားသခင်က ဒါဝိဒ်ကို စကားပြောနေပေမည်။ ကျမ်းပိုဒ်ကိုဖတ်ရင်းဖြင့် ထိုအချိန်က တိုက်ပွဲအတွက်ဒါဝိဒ်ကိုပြင်ဆင်ပေးသည့်ဘုရားသခင်သည် ယနေ့ကျွန်ုပ်တို့ကိုလည်း တိုက်ပွဲများအတွက်ပြင်ဆင်ပေးနေကြောင်းခံစားလာရပါ၏။

အိမ်ထောင်ကျပြီးသော ကျွန်မ၏မိတ်ဆွေများ၌ ရုန်းကန်တိုက်ပွဲဝင်ရသည်များရှိကြ၏။ သူတို့နည်းတူ လူလွတ်တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်သော ကျွန်မမှာလည်း ရုန်းကန်ရသည့်အခက်အခဲများရှိသည်။ သို့သော် အချို့အခက်အခဲများမှာ လူလွတ်တစ်ကိုယ်ရေတစ်ကာယသမားများသာ ရင်ဆိုင်တွေ့ကြုံဖူးမည့်၊ တွေ့ကြုံကြရသည့် အခက်အခဲများဖြစ်ပေသည်။ ဤထဲမှ အချို့မှာ -

**ရင်ဆိုင်စရာ ၁ - အဘယ့်ကြောင့် ကျွန်မအိမ်ထောင်မပြုရသနည်းသိလိုကြသူများ။**

ကျွန်မသည်အသက်အရွယ်အရ အလွန်နောက်ကျနေပြီလား။ ‘တစ်ကိုယ်တည်းသမားလို့ အခေါ်ခံရတော့မည်’ ။ ဒါက သူတို့အတွက် အဘယ့်ကြောင့်မေးခွန်းထုတ်စရာဖြစ်နေရသနည်း။ ကျွန်ုပ်၏အိမ်ထောင်ရေးကိစ္စသည် အဘယ့်ကြောင့် ဆွေးနွေးပြောဆိုစရာဖြစ်နေပါသနည်း။ အိမ်ထောင်ကျပြီးသူများစွာတို့သည် ရိုးသားစွာပင် တစ်ကိုယ်ရေတစ်ကာယလူလွတ်ဘဝကို နားလည်ကြသူများမဟုတ်ပေ။ ထိုသူတို့ သင့်အတွက်ပထမဆုံးလုပ်ပေးချင်ကြသည်မှာ သင့်ကို **‘ပွဲပြင်’** ပေးချင်နေကြခြင်းပင် ဖြစ်သည်။ **‘Online Dating’** လေးလုပ်ဖို့အကြံပေးကြမည်။ စင်စစ် ကျွန်မစိတ်ထဲ၌ ထိုသို့ပြုလိုစိတ်မရှိပါ။ ထိုနောက်မှ ဤသူတို့ သည် မသိနားမလည်သောသူများ၊ မယဉ်ကျေးသောသူများသာဖြစ်သည်ဟု ဘုရားသခင်က သတိပေးသလို ခံစားလာရ သည်။ ဤသူတို့သည် ကျွန်မတို့ကိုနားမလည်ကြပေ။ ကိုယ်တော်က ကျွန်မအား ဤသူတို့ကိုမေတ္တာဖြင့် အသိပညာဖြန့်ဝေပေးရန် အလိုတော်ရှိသည်လည်း ဖြစ်နိုင်လေသည်။

သို့ဆိုလျှင် အဘယ့်ကြောင့် ကျွန်မအိမ်ထောင်မပြုဘဲရှိနေရသနည်း။ ဘုရားသခင်ခွင့်မပြုသေး၍ဟုသာ ဆိုရပေမည်။ ကျွန်မရှိနေသောအခြေအနေ၌ ဘုရားသခင်ကို အစေခံလျက်ရှိပြီး အခြေအနေအသစ်သို့ဘုရားသခင်ပို့ဆောင်ပါကလည်း ဘုရားသခင်ကိုသာအစေခံပါမည်။ ထိုသို့ သင်ကောပြုပါသလား။

**ရင်ဆိုင်စရာ ၂ - ကျွန်ုပ်၏ငွေကြေးလိုအပ်မှု၊ ကျွန်ုပ်၏အိမ်ရာ၊ ကျွန်ုပ်၏အသုံးအဆောင်များအတွက် တစ်ဦးတည်းကသာ အစစအပြည့်အဝတာဝန်ခံရခြင်း၊ တာဝန်ယူရခြင်း။**

ကျွန်မ၏အသုံးစရိတ်များအတွက်မျှဝေတာဝန်ယူရန်၊ ကျွန်ုပ်ကိုလက်ထပ်လိုသည့် အံ့သြစရာလူတစ်ဦးဦးရှိနေသည်အခြေအနမျိုး ခံစားကြည့်လိုသည်။ ကျွန်ုမ၏နေရေးထိုင်ရေးကိုမျှဝေတာဝန်ယူ ထိန်းသိမ်းမည့်သူတစ်ဦး။ သို့သော် ယခုမှာမရှိပေ။ ထို့ကြောင့် ရန်သူကကျွန်မကို အကာအကွယ်မဲ့နေသူဟုခံစားရရန် ပြုလုပ်လိုနေသည်။ ဤသို့သာအစဉ်ဖြစ်နေမည်ဟု ကျွန်မကိုလှည့်စား ချင်နေလေသည်။

လတ်တလောတွင် အမေကကျွန်မနှင့်လာနေပေးသည်။ (လွန်ခဲ့သောနှစ်အနည်းငယ်က အဖေကဆုံးသွားပြီးဖြစ်လျက်၊ အမေကတစ်ဦးတည်းမနေလိုပေ။) အစပိုင်း၌ များစွာသောညှိနှိုင်းမှုများကိုပြုရ၍ ကျွန်မအတွက်အလွန်ခက်ခဲခဲ့ပါ၏။ စဉ်းစားမိသည်က အိမ်ထောင်ပြုရန်မျှော်လင့်စရာရှိရင်လည်း အခိုးအငွေ့များအဖြင့်ပျောက်လွင့်သွားမှာပဲဖြစ်လေသည်။ အထုပ်အပိုးများတစ်လှေကြီး၊ အမေဖြစ်သူနှင့်အတူနေသူကျွန်မကို မည်သူကလက်ထပ်လိုပါမည်နည်း။

*ယခုမှာ ဘုရားသခင်ကကျွန်မ၏နားအပါး၌တိုးညှင်းစွာဖြင့် ‘အိမ်မှာ အမေရှိနေရာ မင်းအတွက်ငါ့ရဲ့ထောက်မမှုတစ်ခုပါ။ အကုန်အကျများတာနည်းနည်း ပျော်ရွှင်ရထာများများမဟုတ်ဘူးလား။ မင်းရင်ဆိုင်နေရတဲ့အခက်အခဲတွေမှာ မင်းကိုအမေက ကူညီနိုင်တယ်လေ။ သူက အသက်အရွယ်လည်းရပြီး အတွေ့အကြုံလည်းများနေပြီ။ ရှေ့မှာမင်းရင်ဆိုင်ရမယ့်အရာတွေထဲမှာ သူကမင်းကိုကူညီပေးနိုင်တယ်။ **Kris** ရေ မစိုးရိမ်နဲ့။ တစ်နေ့နေ့ မင်းလက်ထပ်ရဖို့ ငါအလိုတော်ရှိရင်လည်း အဲဒီလူက မင်းအမေကိုချစ်မှာပါ။ အဲလိုဆို အဆင်ပြေမယ်မလားကွာ ...။’*

## ရင်ဆိုင်စရာ ၃ – တစ်ဦးတည်းဆုံးဖြတ်ချက်ပြုရခြင်း။

ဒီမှာနေရမလား၊ ဟိုမှာနေရမလား။ ကျွန်မစီးပွားရေးအတွက် ဘာအပြောင်းအလဲတွေလုပ်သင့်လဲ။ ဆံပင်ညှပ်ရမလား။ ဘာအစားအစာချက်စားရမလဲ။ ဒီအရာတွေအားလုံးအတွက် ဝိညာဉ်တော်ရဲ့လမ်းပြမှုကိုတောင်းခံဖို့ရာ ဘုရားသခင်ထံ ချဉ်းကပ်ရသည့်အလုပ်အတွက် ကျွန်မဝမ်းမြောက်ပါပြီ။ အကြံပေးတတ်သူမိတ်ဆွေများ၊ သူငယ်ချင်းများရှိတာလဲ ကောင်းချီးတစ်ခုပဲဖြစ်ပါတယ်။ တကယ်တော့ ကျွန်မတစ်ယောက်တည်းမဟုတ်ပါ။

## ရင်ဆိုင်စရာ ၄ – စိတ်ပျက်အားငယ်ခြင်းနှင့် အထီးကျန်ခြင်း၏ပြင်းထန်သောတိုက်ခိုက်မှု။

ယခုကဲ့သို့ ဘဝမဖြစ်သင့်ပါ။ အထင်မလွဲကြပါနှင့်။ ကျွန်မ၏လက်ရှိဘဝအခြေအနေကို နှစ်သက်ပါသည်။ သို့သော်လည်း အတိတ်အမှားတွေနဲ့ပတ်သက်ပြီး ကျွန်မမှာစိတ်မကောင်းစရာများစွာရှိပါသည်။ ပို၍မှန်ကန်စွာရွေးချယ်မှုများပြုခဲ့ရမည်ဆိုပါက နာကျင်စရာများကို ပိုမိုနည်းပါးစွာခံစားခဲ့ရမည်ဖြစ်ပါသည်။ အခြားသူများကဲ့သို့လည်း ဖြစ်ကောင်းဖြစ်နေပါမည်။ သို့သော်၊ သို့သော်လည်း ယခင်ကအမှားများသာမရှိခဲ့လျှင်၊ ယခုလက်ရှိအသက်တာကိုကျွန်မရမည်မဟုတ်ပါ။ ခရစ်တော်ရှိသောကြောင့် ကျွန်မအထီးကျန်မဖြစ်တော့ပါ။ မျှော်လင့်ရာရှိလာပါပြီ။ ခရစ်တော်ရှိသောကြောင့် စိတ်ပျက်အားငယ်စရာမလိုတော့ပါ။ ခရစ်တော်သည် အခြေအနေတိုင်းတွင်ရှိနေပါသည်။ သူသည်ကျွန်မရင်ဆိုင်ရမည့်တိုက်ပွဲများအတွက်ကိုသာ ကျွန်မကို ပြင်ဆင်ပေးနေသည်မဟုတ်၊ တိုက်ခိုက်မှုများ***အထဲ***ကျွန်မနှင့်အတူရှိပြီး ကျွန်မရှေ့မှနေ၍တိုက်ခိုက်မှုများကို ရင်ဆိုင်ပေးလျက်ရှိနေပါသည်။

## နောက်ဆုံးအမှန်တရား။

အထက်ပါကျမ်းပိုဒ်ကတစ်ဆင့်နားလည်ရတာက ကိုယ်တော်သည် ကျွန်မအပေါ်ချစ်ခြင်းရှိတော်မူသောဘုရားဖြစ်ပါ၏။ ကိုယ်တော်သည် တွန့်တိုသောဘုရားမဟုတ်၊ မုန်းတတ်သောဘုရားမဟုတ်ပါ။ ကျွန်မအပေါ်ချစ်ခြင်းရှိပြီး ကျွန်မ၏ခေါင်းပေါ်ရှိ ဆံပင်ကိုရေတွက်သိရှိသူ ကျွန်မတွေးတောမှုများ၊ ကျွန်မ၏စိတ်အားငယ်စရာများ၊ နာကျင်မှု၊ ဝမ်းမြောက်မှုမှန်သမျှကို သိတော်မူသောသူဖြစ်လေသည်။ ကိုယ်တော်သည် အားကြီးသောကြောင့် ကျွန်မအားမကြီးလည်းရပါသည်။ ကျွန်မကိုယ့်ကိုယ်ကို ကာကွယ်စရာမလိုလောက်အောင် ကိုယ်တော်ကကာကွယ်ပေးနေပါသည်။ ကိုယ်တော်သည် ကျွန်မ၏ခိုလှုံကိုးကွယ်ရာ ဖြစ်ပါသည်။ တိုက်ခိုက်မှုများက ကျွန်မ၏ဘဝကို ကျွန်မ၏ကျန်းမာရေး၊ ကျွန်မ၏ဝင်ငွေ၊ ကျွန်မ၏မိသားစု၊ ကျွန်မ၏လူလွတ်ဖြစ်ခြင်း၊ ကျွန်မ၏အလုပ်အကိုင် စသည်ဖြင့် လူသားတို့စဉ်းစားမိနိုင်သမျှ မည်သည့်နေရာမှပဲဖြစ်ဖြစ် တိုက်ခိုက်လျှင် ကိုယ်တော်က ရှေးဦးစွာသူ့ကိုယုံကြည်အပ်နှံတတ်ရန် ကျွန်မကသွန်သင်ပေးပြီး၊ ကျွန်မကိုတိုက်ခိုက်မှုများအတွက် ပြင်ဆင်ထားပါသည်။ ကိုယ်တော်သည် ကျွန်မနှင့်ခြေလှမ်းထပ်တူလှမ်းသွားပြီ ကျွန်မ၏ခြေလှမ်းတို့ကိုပဲ့ပြင်ပေးလျက်ရှိကာ ရန်သူတို့ကိုပင် ကျွန်မခြေအောက်၌ချထားပေးရန်ကိုယ်တော်သာလုပ်ပေးပါသည်။

အဘယ့်ကြောင့်နည်း။ ကိုယ်တော်က ထိုသို့သာလုပ်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်မတို့ကိုဖန်ဆင်းသော၊ ပြင်ဆင်ပေးသော၊ ဘိသိက်ပေးသော၊ ထောက်မသောဘုရားပေတည်း။ ယနေ့သင်ကော တိုက်ခိုက်ခံရမှုများအတွက် သင့်အားပြင်ဆင်ပေးရန် ကိုယ်တော်ကိုအပ်နှံထားပြီးပါပြီလား။